လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
Ministry of Social Welfare, Relief and Resettlement
Office No. (23), Nay Pyi Taw

Monthly Newsletter **သတင်းလွှာ** October 2024

# အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပ




**၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် — နေပြည်တော်**

အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အခမ်းအနားကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်းက ယနေ့ခေတ်မှာ ကျန်းမာရေးစောင့်ရှောက်မှုများ တိုးတက်ကောင်းမွန်လာပြီး လူတစ်ဦးချင်းစီ၏မျှော်မှန်းသက်တမ်းမြင့်မားလာမှု၊ကလေးမွေးဖွားမှုနှုန်း ကျဆင်းလာမှု၊ ရွှေ့ပြောင်းသွားလာသူများပြားလာမှုများကြောင့် မြန်မာနိုင်ငံအပါအဝင်ကမ္ဘာတစ်ဝန်းလုံးမှာ လူကြီးနှင့်လူငယ်ဦးရေ အချိုးအစား ပြောင်းလဲလာ၍ သက်ကြီးပုဂ္ဂိုလ်ဦးရေသည် မြင့်တက်နေပြီ ဖြစ်ပါကြောင်း၊ သက်ကြီး ပုဂ္ဂိုလ်များကို ပြီးပြည့်စုံသည့် ကျန်းမာရေးစောင့်ရှောက်မှု၊ ပြုစုစောင့်ရှောက်မှုနှင့်လူမှုရေးဝန်ဆောင်မှုတွေပေးဖို့ လိုအပ်ပါကြောင်းပြောကြားခဲ့ပါသည်။

ယခုနှစ် (၂၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ ဆောင်ပုဒ်ကို **"သက်ကြီးပုဂ္ဂိုလ်များ ဂုဏ်သိက္ခာရှိစွာရပ်တည်ရေး ကမ္ဘာအနှံ့ဘက်စုံ ပြုစုစောင့်ရှောက်ပေး" "Ageing with Dignity: The Importance of Strengthening Care and Support Systems for Older Persons Worldwide"** လို့ သတ်မှတ်ပေးထားသည်ကို တွေ့ရှိရသည့်အတွက် သက်ကြီးများ၏ အခွင့်အရေးအတွက် ပိုမိုခိုင်မာသည့် ကမ္ဘာလုံးဆိုင်ရာ ကတိကဝတ်များနှင့် အလုံးစုံပြည့်စုံသော နိုင်ငံတကာ စာချုပ်စာတမ်းတစ်ရပ် ထွက်ပေါ်လာဖို့ လိုအပ်လာသလို ပြုစုစောင့်ရှောက်မည့်သူ မရှိသည့် ခိုကိုးရာမဲ့ သက်ကြီးများအတွက်လည်း ရေရှည်စောင့်ရှောက်မှုပေးနိုင်မည့် Center များ၊ ပြုစုစောင့်ရှောက်သူများ၊ အိမ်တိုင်ရာရောက်ပြုစုစောင့်ရှောက်ပေးသည့် ဝန်ဆောင်မှုများကို အထူးအလေးထား ဆောင်ရွက်ပေးရန် လိုအပ်သည်ကို ယခုဆောင်ပုဒ်က မီးမောင်းထိုးပြလိုက်ပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း သက်ကြီးရွယ်အိုများ ဆိုင်ရာဥပဒေ (၂၀၁၆)အရ

မြန်မာနိုင်ငံသက်ကြီး ရွယ်အိုများဆိုင်ရာ ကော်မတီကို ၂၀၁၇ ခုနှစ်တွင် ဖွဲ့စည်းနိုင်ခဲ့ပြီး သက်ကြီးပုဂ္ဂိုလ်များ၏ အခွင့် အရေးများကို ဖြည့်ဆည်းပေးရေးနှင့် ပြုစုစောင့်ရှောက်ရေးတို့အတွက် လုပ်ငန်းစဉ်များကိုချမှတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် စေတနာရှင်ပြည်သူများက တည်ထောင်ဖွင့်လှစ်ထားသော ဘိုးဘွားရိပ်သာများကို ဥပဒေ/ နည်းဥပဒေများအရ တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးခြင်း၊ ငွေကြေးနှင့် နည်းပညာအကူအညီများ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အထီးကျန်ဆန်နေသော သက်ကြီးသူများအတွက် သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာကို ရန်ကုန်မြို့တွင် ၂၀၁၃ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး အသက် (၇၀) နှစ်နှင့်အထက် ဘိုးဘွားများကို လက်ခံစောင့်ရှောက် ပေးလျက်ရှိပါကြောင်း၊ ထို့အပြင် သက်ကြီးပုဂ္ဂိုလ်များအတွက် ဝင်ငွေ လုံခြုံမှုရရှိစေရန်အတွက် လူမှုရေးပင်စင် ထောက်ပံ့မှုအစီအစဉ်ကို တစ်နိုင်ငံလုံး အတိုင်းအတာအဖြစ် ၂၀၁၇ ခုနှစ်မှစတင်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အကျိုးခံစားခွင့်ရှိသူ အသက် (၈၅)နှစ်နှင့် အထက်သက်ကြီးပုဂ္ဂိုလ် ၁၁၀,၇၉၆ ဦးကို လူမှုရေးပင်စင်ပေးအပ်နိုင်ရေးစီစဉ် လျက်ရှိပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် အသက်အကြီးဆုံး အဘိုးတစ်ဦးနှင့် အဘွားတစ်ဦးကို ယခင်နှစ်များကဲ့သို့ ဂုဏ်ပြု ချီးမြှင့်ငွေကျပ် (၁၀)သိန်းစီကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များမှတစ်ဆင့် လွှဲပြောင်းပေးအပ် ဂုဏ်ပြုသွားမည်ဖြစ်ပါကြောင်း၊ တိုးပွားလာသော သက်ကြီးဦးရေနှင့်အညီ သက်ကြီးသူများအား စနစ်တကျ ပြုစုစောင့်ရှောက်နိုင်ရေးသင်တန်းကို ရန်ကုန်မြို့ရှိ သက်ကြီးရွယ်အိုများ နေ့ပိုင်း စောင့်ရှောက်ရေးဂေဟာတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း ပြည်ထောင်စုဝန်ကြီးက ထည့်သွင်း ပြောကြားခဲ့ပါသည်။

## ရာဂီတိုင်ဖွန်းမုန်တိုင်းကြောင့် ထိခိုက်ခံစားရသော ထိခိုက်လွယ်အုပ်စုဝင်များအား ထောက်ပံ့ခြင်းနှင့် စိတ်လူမှုရေးပိုင်းဆိုင်ရာပံ့ပိုးပေးခြင်း အခမ်းအနားကျင်းပ



**၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၃ ရက်** **နေပြည်တော်**

ရာဂီတိုင်ဖွန်းမုန်တိုင်း သက်ရောက်မှုကြောင့် ရေဘေးထိခိုက်ခံစားရသော ထိခိုက်လွယ် အုပ်စုဝင်များအား ထောက်ပံ့ခြင်းနှင့် စိတ်လူမှုရေးပိုင်းဆိုင်ရာ ပံ့ပိုးပေးခြင်း အခမ်းအနားအား ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ

(၂) ရက်နေ့တွင် နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ လေ့ခွင်းတောင်ကိုးခန်းကြီးကျောင်းတွင်ကျင်းပခဲ့ပါသည်။

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ပြည်ထောင်စု ဝန်ကြီး ဒေါက်တာစိုးဝင်း အဖွင့်အမှာစကား ပြောကြား ရာတွင် ရာဂီတိုင် ဖွန်းမုန်တိုင်းကြောင့် နေပြည်တော် အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် (၇) ခုတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး တောင်ပြိုခြင်းနှင့် ရေကြီး ရေလျှံမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုများ ဆုံးရှုံး ခြင်းများရှိခဲ့ပြီး လမ်း၊ တံတားများ၊ စာသင်ကျောင်း များ၊ ရုံးများနှင့် ဘာသာရေး အဆောက်အဦများ ပျက်စီး ခဲ့ပါကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ပြည်သူ လူထု အတွင်းရှိ ထိခိုက်လွယ် အုပ်စုများဖြစ်သော ကိုယ်ဝန်ဆောင်များ၊ အသက်(၃)နှစ်အောက်ကလေးငယ် များ၊ အသက် (၇၅) နှစ်နှင့်အထက် ဘိုးဘွားများနှင့် မသန်စွမ်းသူများအတွက် ငွေသား နှင့် ထောက်ပံ့ပစ္စည်း (၂) မျိုးလုံးကို ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး ဒေသခံ ပြည်သူလူထုအနေဖြင့် အသက်အိုးအိမ်စည်းစိမ် ပျက်စီး ဆုံးရှုံးမှုများကြောင့် နောက်ဆက်တွဲ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကို ကုစားပေးနိုင်ရန် မိမိတို့ဝန်ကြီးဌာန အနေဖြင့် စိတ်လူမှုရေးပိုင်းဆိုင်ရာ အထောက်အကူ ပေးရေးအဖွဲ့များကို စုဖွဲ့စေလွှတ် ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်းပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးမှ ထိခိုက်လွယ်အုပ်စုဝင် (၁၅၂) ဦးအား တစ်ဦးလျှင် ၃၀၀၀၀ ကျပ် နှုန်းအပြင် တစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်းများ၊ Hygine Kit၊ ဆေးစိမ်ခြင်ထောင်၊ဆပ်ပြာခဲ၊ရေသန့်၊ဆေးနှင့်ကလေးများ အတွက် ကစားစရာများ၊ မုန့်များနှင့် နေပြည်တော် ကောင်စီဥက္ကဋ္ဌမှ ခေါက်ဆွဲ၊ ဆန်၊ အသားဘူးများ လှူဒါန်း ပေးအပ်ခဲ့ပြီးနောက် စိတ်လူမှုရေးပိုင်းဆိုင်ရာ ပံ့ပိုးပေးခြင်း ဆောင်ရွက်နေမှုများအပေါ် လိုက်လံကြည့်ရှုအားပေးခဲ့ ပါသည်။

## ဒုတိယဝန်ကြီး ဦးစိုးကြည်၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံး၊ ညွှန်ကြားရေးမှူးဖြစ်သူ Ms. Hai Kyung Jun အား လက်ခံတွေ့ဆုံ



**၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးကြည်သည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံး၊

ညွှန်ကြားရေးမှူးဖြစ်သူ Ms. Hai Kyung Jun ဦးဆောင်သောအဖွဲ့အား ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၃)ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ရာ UNHCR အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံး၊ ညွှန်ကြားရေးမှူး၏ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ နှင့် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့သို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း တွေ့ရှိချက်များ၊ လတ်တလောရေကြီး ရေလျှံမှုများကြောင့်ရေဘေးသင့်သူများအတွက်နိုင်ငံတော်နှင့် ဝန်ကြီးဌာနမှ ကူညီထောက်ပံ့ ပေးလျက်ရှိမှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများ၊ ဝန်ကြီးဌာနနှင့် UNHCR တို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး ခဲ့ကြပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့(IOM)၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲ Mr.Daihei Mochizuki အား လက်ခံတွေ့ဆုံ



**၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၈ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့ (IOM) ၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ Mr. Daihei Mochizuki ဦးဆောင်သောအဖွဲ့အား ၂၀၂၄ ခုနှစ်၊ အောက်တို ဘာလ (၈) ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် IOM အဖွဲ့တို့အကြား ယခင်က ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းများအတွက် စွမ်းဆောင်ရည် မြှင့်တင်ရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ခဲ့မှုအခြေအနေများ၊ လူကုန်ကူးခံရသူများအား ရပ်ရွာအတွင်း ပြန်လည်ဝင်ဆံ့ရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုများ၊ ရေဘေးသင့်ပြည်သူများ

အတွက် လူသားချင်းစာနာမှု အကူအညီပေးအပ်မှု ကိစ္စရပ်များ၊ IOM နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန တို့အကြား နားလည်မှုစာချွန်လွှာရေးထိုးရေးနှင့် IOM ဝန်ထမ်းများ၏ ပြည်ဝင်ခွင့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

## အာဆီယံဒေသတွင်း ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများ၏ အန္တရာယ်ကြောင့် ထိခိုက်ခံစားနေရသူများအား ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးရေးနှင့် စိတ်ကျန်းမာရေး လိုအပ်ချက်များ အထောက်အပံ့ပေးရေးဆိုင်ရာ အမျိုးသားအဆင့် ညှိနှိုင်းအလုပ်ရုံဆွေးနွေးပွဲကျင်းပ



**၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်** **နေပြည်တော်**

အာဆီယံဒေသတွင်း ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများ၏ အန္တရာယ်ကြောင့် ထိခိုက်ခံစားနေရသူများအား ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးရေးနှင့် စိတ်ကျန်းမာရေး လိုအပ်ချက်များ အထောက်အပံ့ပေးရေးဆိုင်ရာ အမျိုးသားအဆင့်ညှိနှိုင်း အလုပ်ရုံဆွေးနွေးပွဲကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၁) ရက်နေ့တွင် နေပြည်တော် Hotel Max ၌ ကျင်းပခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ဆက်စပ်ဝန်ကြီးဌာနများမှဒုတိယဝန်ကြီးများ၊အမြဲတမ်းအတွင်းဝန်များ၊ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံရုံးယာယီတာဝန်ခံနှင့် ကိုရီးယားသမ္မတနိုင်ငံနှင့် လာအိုနိုင်ငံတို့မှ သံရုံးကိုယ်စားလှယ်များ၊ အာဆီယံဒေသတွင်း မိုင်းလှုပ်ရှားမှုဗဟိုဌာန (ASEAN Regional Mine Action Centre – ARMAC)မှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂအဖွဲ့အစည်းနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှဥက္ကဋ္ဌများ၊ မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်းအဖွဲ့ဝင်များနှင့် ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများမှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ အာဆီယံဒေသတွင်း မိုင်းလှုပ်ရှားမှုဗဟိုဌာန (ASEAN Regional Mine Action Centre–ARMAC) မှ အမှုဆောင်ညွှန်ကြားရေးမှူးဖြစ်သူ Ms. Rothnia Buth က အမှာစကားပြောကြားခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲ ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာတွင် မိုင်းအန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ကူညီထောက်ပံ့ပေးခြင်းနှင့်စပ်လျဉ်းသည့် နိုင်ငံတကာ မိုင်းလှုပ်ရှားမှုစံသတ်မှတ်ချက်များကို ရှင်းလင်းခြင်း၊ ကွင်းဆင်း လေ့လာတွေ့ရှိချက်များကို ရှင်းလင်းတင်ပြခြင်း၊ တက်ရောက်သူများက လို အပ်သည်များကို ဝိုင်းဝန်းဆွေးနွေးခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ် ဆောင်ရွက်ခဲ့ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဘရူနိုင်းနိုင်ငံ၊ ဘန်ဒါဆရီဘီဂါဝမ်တွင်ကျင်းပသည့် (၁၂) ကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး နှင့်ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်




**၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၃ မှ ၂၅ ထိ** **ဘရူနိုင်းနိုင်ငံ**

ဘရူနိုင်းနိုင်ငံ၊ ဘန်ဒါဆရီဘီဂါဝမ်မြို့၌ အောက်တိုဘာ လ (၂၃) ရက် နေ့မှ (၂၅) ရက်နေ့ အထိ ကျင်းပခဲ့သည့် (၁၂)ကြိမ်မြောက် အာဆီယံသဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများ အဆင့်အစည်း အဝေး (ASEAN Ministerial Meeting on Disaster Management-AMMDM) နှင့် ဆက်စပ်အစည်းအဝေးများ သို့လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင် တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အစည်းအဝေး၏ ဆောင်ပုဒ်ဖြစ်သော "Building Resilient ASEAN through Inclusive and Sustainable Disaster Recovery" သည် ဘေးဒဏ်ကြံ့ကြံ့ခံနိုင်သော အာဆီယံ ဖြစ်လာစေရေးအတွက် လွန်စွာအရေးကြီး ပါကြောင်း၊ ဒေသတွင်းနိုင်ငံ အားလုံးပါဝင်သည့် တစ်ခု တည်းသော အာဆီယံ၊ တစ်ခုတည်းသော တုံ့ပြန်မှု ဟူသည့် အာဆီယံ၏ ခိုင်မြဲသော ဘေးအန္တရာယ် စီမံ ခန့်ခွဲမှုဆိုင်ရာမူဝါဒလမ်းစဉ်ဖြင့်သာ ဘေးဒဏ်ကြံ့ကြံ့ခံ နိုင်သော အာဆီယံအသိုက်အဝန်းကို ဖော်ဆောင်နိုင်မည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မကြာသေးမီ ကာလ များက လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံများနှင့် အတူ ရာဂီမုန်တိုင်း၏ သက်ရောက်မှုကို မမျှော်လင့်ဘဲ ပြင်းထန်စွာ ခံစားခဲ့ရပါကြောင်း၊ ဘေးသင့်ဒေသများ အတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးပို့ကူညီထောက်ပံ့ခဲ့ကြသည့် အာဆီယံနိုင်ငံများနှင့် မိတ်ဆွေနိုင်ငံများကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြား ခဲ့ပါသည်။

ထို့နောက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးက မြန်မာနိုင်ငံသို့ လူသားချင်း စာနာထောက်ထားမှု အကူအညီပေးအပ်နေမှုအခြေအနေကိုလည်းကောင်း၊ AHA Centre က ၂၀၂၄ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သော ဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက် မျှဝေမှု ကိစ္စရပ်များ၊ အာဆီယံအရေးပေါ် အခြေအနေ စီမံခန့်ခွဲမှု ဌာန (Emergency Operation Center-EOC)နှင့် အာဆီယံ နိုင်ငံများရှိ EOC များ ချိတ်ဆက်မှု လေ့ကျင့်ဆောင်ရွက်ခဲ့မှု အခြေအနေများ၊ အာဆီယံအဖွဲ့ဝင် နိုင်ငံများက ထည့်ဝင်ခဲ့ကြသော နှစ်စဉ်ကြေးသုံးစွဲမှု ငွေစာရင်း ရှင်းတမ်းနှင့် သုံးစွဲမှုအခြေအနေများ၊ AHA Centre နှင့် နားလည်မှုစာချွန်လွှာ ရေးထိုးရန် ဆောင်ရွက်နေမှု အခြေအနေများကို AHA Centre က ရှင်းလင်း တင်ပြကာ အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများက ဆွေးနွေးအတည်ပြု ခဲ့ကြပါသည်။

ဆက်လက်၍ အာဆီယံနှင့် တရုတ်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်လျှက်ရှိသည့် AADMER Work Program အကောင်အထည်ဖေါ်ရေး လုပ်ငန်းစီမံချက် နယ်ပယ်(၂၃) ခုဆောင်ရွက်နေမှု အခြေအနေများ၊ အာဆီယံ-ဂျပန် ဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းအစီအစဉ်များ အကောင်အထည် ဖေါ်ဆောင်ရွက်နေမှု အခြေအနေများ၊ အာဆီယံ-ကိုးရီးယား ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်း အစီအစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေ၊ ၂၀၂၄ ခုနှစ်အတွင်း ဆောင်ရွက် ပြီးစီးခဲ့မှုများနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်မည့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု လုပ်ငန်းအစီအစဉ်များ၊ ထုတ်ပြန်ကြေငြာမည့် သဘာဝ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ပူးတွဲ ကြေငြာချက် တို့နှင့်စပ်လျဉ်း၍ အခန်းကဏ္ဍအလိုက် ဆွေးနွေးအတည်ပြုခဲ့ကြပါသည်။

## ရေဘေးဒဏ်ခံစားရသောဒေသများအတွက် အလှူရှင်များမှ အလှူငွေနှင့်ပစ္စည်းများ လာရောက်လှူဒါန်း




**၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက် နေပြည်တော်**

တောင်တရုတ်ပင်လယ်တွင် ဖြစ်ပွားခဲ့သော ရာဂီတိုင်ဖွန်းမုန်တိုင်း၏ သက်ရောက်မှုကြောင့် ရေဘေး ဒဏ်ခံစားရသော ဒေသများအတွက် ပျဉ်းမနားဓမ္မာ စရိယ စာသင်တိုက်မှ ငွေကျပ်သိန်း (၁၀၀)နှင့် သင်္ကန်း (၁၀၀)စုံ၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၄) သင်တန်း ဆင်းအရာရှိများမှ ငွေကျပ် (၁၅) သိန်းအားလည်းကောင်း၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥယျာဉ်ရွာ ဦးမောင်ကိုမှ ငွေကျပ်သိန်း (၅၀) အားလည်းကောင်း၊ ပျဉ်းမနားမြို့၊ ကန်ဦးကျောင်းတိုက်၊မဟာစည်သာသနာ့ရိပ်သာဆရာတော် ပဓာနနာယက၊ မဟာကမ္မဋ္ဌာနာစရိယ၊ ဘဒ္ဒန္တနန္ဒမာလာမှ ငွေကျပ်သိန်း (၁၀၀) အား လည်းကောင်း၊ (၂၀၁၁-၂၀၁၆) ဒုတိယဝန်ကြီး (အငြိမ်းစားများ) မှ ငွေကျပ်သိန်း (၃၀) အားလည်းကောင်း၊ လမ်းမတော်အမှတ်(၆)အောင်မြေရပ်၊ ချောက်မြို့နေ နိုင်ငံအေးဆန်ပွဲရုံ၊ သားသမီး မြေးမိသားစု၊ ကာယဉာဏ လုပ်သားများနှင့် ရောင်းသူဝယ်သူများမှ ငွေကျပ်သိန်း (၅၀၀) အား လည်းကောင်း၊ Money King Company Limited မှ ငွေကျပ် သိန်း(၁၀၀) အား လည်းကောင်း လာရောက်လှူဒါန်းခဲ့ကြရာ လူမှုဝန်ထမ်း၊

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကားပြောကြားခဲ့ကာ ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ပါသည်။

ထို့အပြင် ရေဘေးဒဏ်ခံစားရသော ဒေသများ အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ နိုင်ငံတကာ ဆက်ဆံရေးလုပ်ငန်း ကော်မတီ (နိုင်ငံခြားရေးဝန်ကြီးဌာန)၏ ညှိနှိုင်းဆက်သွယ်ပေးမှုဖြင့် ကမ္ဘောဒီးယားနိုင်ငံ DV Group စီးပွားရေး လုပ်ငန်းရှင် ဦးဝမ်ကျားဟွာ (ခ) ဦးမြင့်ဆွေက ငွေကျပ် သိန်း (၂၀၀၀) တန်ဖိုးရှိ ဆန်တန်ချိန် (၁၀၀) နှင့်ညီမျှသည့် ဆန်အိတ် ပေါင်း (၄၀၀၀)နှင့် Senachy Cooperation Co.,Ltd မှ CHEIN CHWIN က ငွေကျပ် သိန်း ၂၀၀ တန်ဖိုးရှိ ဆန်တန်ချိန် ၁၀ နှင့်ညီမျှသည့် ဆန်အိတ်ပေါင်း ၄၀၀၊ စုစုပေါင်း ဆန်၄၄၀၀အိတ်တို့ကိုလှူဒါန်းခဲ့ရာအလှူရှင်များ ကိုယ်စားနိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိ သူများက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေး အပ်ခဲ့ပြီး ရေဘေးသင့်ဒေသများသို့ အမြန်ဆုံးခွဲဝေ လှူဒါန်းသွားမည်ဖြစ်ပါသည်။

## အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့အခမ်းအနား



**စစ်ကိုင်းတိုင်းဒေသကြီး**

**“သက်ကြီးပုဂ္ဂိုလ်များဂုဏ်သိက္ခာရှိစွာရပ်တည်ရေး ကမ္ဘာအနှံ့ဘက်စုံပြုစုစောင့်ရှောက်ပေး”**ဟူသောဆောင်ပုဒ်နှင့်အညီ အပြည်ပြည်ဆိုင်ရာ သက်ကြီး ပုဂ္ဂိုလ်များနေ့ အခမ်းအနားကို ၁.၁၀.၂၀၂၄ ရက်၌ တိုင်းဒေသကြီး/ ပြည်နယ်များတွင် အသီးသီးကျင်းပ ခဲ့ကြပါသည်။



**တနင်္သာရီတိုင်းဒေသကြီး**

အခမ်းအနားသို့ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ်များနှင့်ဇနီးများ၊တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့ဝင် အတွင်းရေးမှူးများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊တိုင်းဒေသကြီး/ပြည်နယ်များမှသက်ကြီး ရွယ်အိုများဆိုင်ရာ ကော်မတီဝင်များ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ တိုင်း ဒေသကြီး/ပြည်နယ်မှ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ ကြက်ခြေနီကြီးကြပ်မှု ကော်မတီမှ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဘိုးဘွားရိပ်သာ များမှ ကိုယ်စားလှယ်များ၊ ကန်တော့ခံဘိုးဘွားများနှင့် သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာမှ ဘိုးဘွားများ တက်ရောက်ခဲ့ပါသည်။



**မွန်ပြည်နယ်**

ရန်ကုန်တိုင်းဒေသကြီး၌ကျင်းပရာတွင် ရန်ကုန် တိုင်းဒေသကြီး၊သက်ကြီးရွယ်အိုနေ့ပိုင်းစောင့်ရှောက်ရေး ဂေဟာမှအဘိုးအဘွားများမှ **“သက်ကြီးပုဂ္ဂိုလ်ဂုဏ်ပြုတေး”**သီချင်းဖြင့်အခမ်းအနားစတင်ဖွင့်လှစ်ခဲ့ပြီးသက်ကြီး ရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာမှ ဘိုးဘွား များမှ DCCA ယိမ်း အဖွဲ့ဖြင့်လည်းကောင်း၊ “**Chair Based Exercise”**သရုပ်ပြသခြင်းတို့အားလည်းကောင်း၊ဖျော်ဖြေသလွင်

ဘိုးဘွားရိပ်သာမှ ဘိုးဘွားများမှ **"ထာဝရသစ္စာ"** သီချင်းဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး အပြည်ပြည် ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အခမ်းအနားအတွက် Video Clip ပြသခဲ့ပါသည်။



**ရန်ကုန်တိုင်းဒေသကြီး**

ထို့နောက်တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ဝင်များက အဘိုး၊ အဘွား များအား အလှူငွေနှင့် ကန်တော့ပစ္စည်းများပေးအပ်ပြီး ဘိုးဘွားများကိုယ်စား အဘိုးတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ တိုင်းဒေသကြီး/ ပြည်နယ်ကုသရေးဦးစီးဌာနမှ ဘိုးဘွားများအားကျန်းမာရေး စောင့်ရှောက်မှုပေးခဲ့ပါသည်။



**ရှမ်းပြည်နယ်**

## အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း၏ ဆဋ္ဌမအကြိမ်မြောက် အစီရင်ခံစာရေးသားရေး (နောက်ဆုံးမူကြမ်း) ညှိနှိုင်းအစည်းအဝေး



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ဦးစီးဌာနသည် အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားမှု ပပျောက်ရေး ဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း၏ ဆဋ္ဌမအကြိမ်မြောက် အစီရင်ခံစာ ရေးသားရေးဆိုင်ရာ (နောက်ဆုံးမူကြမ်း) ညှိနှိုင်းအစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၄ ရက်၊ နေ့လယ် ၁၃:၀၀ နာရီအချိန်တွင် ကျင်းပခဲ့ပြီး အစီရင်ခံစာရေး သားရေးအဖွဲ့တွင်ပါဝင်သည့် ဌာနဆိုင်ရာ များမှ ကိုယ်စားလှယ် (၃၇) ဦး တက်ရောက်ခဲ့ကြပါသည်။

လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင်ဆဋ္ဌမအကြိမ်မြောက် အစီရင်ခံစာသည် စတုတ္ထနှင့်ပဉ္စမအကြိမ်မြောက် ပူးတွဲ အစီရင်ခံစာမှ ရရှိသည့် အကြံပြုချက် ၅၆ ချက်နှင့် သီးခြားအစီရင်ခံစာတို့မှရရှိသည့် အကြံပြုသုံးသပ်ချက် (၆၄) ချက်အနက် မိမိတို့နိုင်ငံနှင့် သင့်လျော်သည့် အချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုများ၊ တိုးတက်မှုများကို အစီရင်ခံစာတင်သွားမှာဖြစ်ကြောင်း၊ ယခုအစည်းအဝေးတွင် ဆဋ္ဌမအကြိမ်မြောက် (နောက်ဆုံး မူကြမ်း)အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးသွားမည် ဖြစ်ပါကြောင်း၊ ယခင်ကျင်းပ ခဲ့သည့် ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက် ထားရှိမှု နှင့် ပတ်သက်ပြီး ယခု အစည်းအဝေးမှာ ထည့်သွင်းဆွေးနွေး သွားမည် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ မူဝါဒများနှင့် ကိုက်ညီမှု မရှိသည့်အတွက် အကြံပြုချက်များကို ချန်လှပ်ထားမည်ဖြစ်ကြောင်း၊ အစီရင်ခံစာတွင်ပါရှိမည့် အချက်အလက်များသည် ပြည့်ပြည့်စုံစုံဖြင့် ကျစ်ကျစ် လစ်လစ် ဖြစ်ဖို့ရန်လိုအပ်ပါကြောင်း၊ လိုအပ်ချက်များကို ပြင်ဆင်ပြုစု၍ ပြည်ထောင်စုဝန်ကြီး၏ အတည်ပြုချက်ကို ရယူပြီးလျှင် ဝန်ကြီးဌာန အားလုံးသို့ နောက်ဆုံးမူကြမ်းကို ပြုစုဖြန့်ဝေသွားမည်ဖြစ်ပါကြောင်း၊ နောက်ဆုံးမူကြမ်းကို မြန်မာ နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဥက္ကဋ္ဌထံ အတည်ပြုနိုင်ရေးတင်ပြပြီး လုပ်ထုံးလုပ်နည်းများအတိုင်း

အဆင့်ဆင့်ဆောင်ရွက်၍ လုပ်ငန်းစဉ်များကိုTimeline အရ အချိန်အဟုန်ဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ CEDAW ရေးသားရေးအဖွဲ့ ဝင်များအနေဖြင့် လိုအပ်သည်များ အကြံပြုပေးကြပါရန်နှင့် နောက်ဆုံး အစီရင်ခံစာကို အတည်ပြုနိုင်သည်အထိ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

ထို့နောက် ဆဋ္ဌမအကြိမ်မြောက် CEDAW (နောက်ဆုံးမူကြမ်း) အစီရင်ခံစာအပေါ် အစည်းအဝေး တက်ရောက်လာသူများမှ ဝိုင်းဝန်း ဆွေးနွေးကြပြီး လိုအပ်သည့် အချက်အလက်များအား ပြန်လည် ပြင်ဆင်ဖြည့်စွက်ပေးခဲ့ကြပါသည်။အမျိုးသမီးများအားနည်းမျိုးစုံဖြင့်ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း၏ ဆဋ္ဌမအကြိမ်မြောက် အစီရင်ခံစာရေးသားရေးဆိုင်ရာ ညှိနှိုင်းအစည်း အဝေးကို ညနေ ၁၅ : ၃၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။



## လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်သည် ပြည်ထောင်စုအဆင့်မှတ်ပုံတင်နိုင်ရေး အတွက် ထောက်ခံမှုပေးထားသည့် ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပပြုလုပ်ခြင်း



လူမှုဝန်ထမ်းဦးစီးဌာနက ပြည်ထောင်စုအဆင့် အသင်းအဖွဲ့မှတ်ပုံတင်နိုင်ရေးအတွက် ထောက်ခံပေးထားသည့် ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး စုပေါင်းခန်းမတွင် ကျင်းပပြုလုပ်ရာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ပြည်တွင်းအသင်းအဖွဲ့များမှ တာဝန်ရှိ ပုဂ္ဂိုလ်များမှ တက်ရောက်ခဲ့ကြပါသည်။

ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် လူမှုဝန်ထမ်းဦးစီးဌာနသည် လုပ်ငန်းရပ် (၇)ရပ် ချမှတ်ပြီး ထိခိုက်လွယ်သူများဖြစ်သော ကလေးသူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ၏ လူမှုရေးပြဿနာများကို ကြိုတင်ကာကွယ်ခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း လုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၈.၁၀.၂၀၂၂ တွင် ပြဋ္ဌာန်းခဲ့သော အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေအရ မိမိတို့ဌာန လုပ်ငန်းရပ်နှင့်ကိုက်ညီသော လူမှုရေး လုပ်ငန်းများကို ဆောင်ရွက်မည့် ပြည်တွင်းအသင်းအဖွဲ့ များအား ပြည်ထောင်စုအဆင့် မှတ်ပုံတင်နိုင်ရေးအတွက် ၃၄ ဖွဲ့ကို ထောက်ခံတင်ပြထားပါကြောင်း၊ အဖွဲ့အစည်း များ၏ ၃ လပတ် ဆောင်ရွက်ချက်များကိုလည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပေးပို့သကဲ့သို့ မိမိတို့ဦးစီးဌာနသို့လည်း မိတ္တူပေးပို့ စေလိုပါကြောင်း၊ သို့မှသာ လူမှုအကူအညီပေးရေး မြေပုံတစ်ရပ်ရေးဆွဲပြီး ထိထိရောက်ရောက် ကူညီပေးနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်တွင်း လူမှုရေးအဖွဲ့အစည်းများမှ တက်ရောက်လာသော ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ လုပ်ငန်းနယ်ပယ်အလိုက် ပြည်သူများနှင့် ထိတွေ့ဆက်ဆံရမှု အခြေအနေ၊ အတွေ့အကြုံများ၊ ပြည်သူ့အတွက် ရေရှည်အကျိုးဖြစ်ထွန်းမှု၊ အဖွဲ့အစည်းများ လမ်းကြောင်းမှန်ကန်စွာ လုပ်ကိုင်ဆောင်ရွက် သွားနိုင်စေရေးအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး ပေးကြစေလိုပါကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

ဆက်လက်၍ တက်ရောက်လာကြသော ပြည်တွင်း လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိ ပုဂ္ဂိုလ်များမှ ဆွေးနွေးတင်ပြခဲ့ကြပြီး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၁၂:၀၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## Naypyitaw State Academy (NSA) ၊ အင်္ဂလိပ်စာဌာနမှ အင်္ဂလိပ်စာအထူးပြု တတိယနှစ် ကျောင်းသား/ သူ (၃) ဦးတို့သည် လူမှုဝန်ထမ်းဦးစီးဌာနတွင် လုပ်ငန်းခွင် လက်တွေ့လေ့လာရေး (Internship Program) ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများ ရှင်းလင်းတင်ပြခြင်း



Naypyitaw State Academy (NSA)၊ အင်္ဂလိပ်စာဌာနမှ အင်္ဂလိပ်စာအထူးပြု တတိယနှစ် ကျောင်းသား/သူ (၃)ဦးတို့သည် လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ ဌာနခွဲများ၊ မူလတန်းကြို ကျောင်းနှင့် နေပြည်တော်ကလေးပြုစုရေးဌာနသို့ ၁-၁၀-၂၀၂၄ ရက်မှ ၈-၁၀-၂၀၂၄ ရက်အထိ လုပ်ငန်းခွင်လက်တွေ့လေ့လာရေး (Internship Program) လာရောက်ခဲ့ပါသည်။ အဆိုပါ လေ့လာခဲ့သည့် ကာလအတွင်း ရရှိခဲ့သည့် အတွေ့အကြုံများအား ရှင်းလင်းတင်ပြသည့် အစီအစဉ်အား၉-၁၀-၂၀၂၄ ရက်၊ နေ့လယ် ၁၃:၀၀ နာရီ အချိန်တွင် လူမှုဝန်ထမ်း ဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ညွှန်ကြားရေးမှူးများ၊ဘာသာရပ် ဆိုင်ရာတာဝန်ရှိသူများနှင့်ကျောင်းသား/သူများတက်ရောက် ခဲ့ကြပါသည်။

Naypyitaw State Academy (NSA) ၊ အင်္ဂလိပ်စာဌာနမှ အင်္ဂလိပ်စာအထူးပြု တတိယနှစ် ကျောင်းသား/သူ (၃) ဦးတို့သည် လူမှုဝန်ထမ်း ဦးစီးဌာနတွင် လေ့လာခဲ့သည့် အကြောင်းအရာများ၊ ရရှိလာသည့် အကျိုးကျေးဇူးများ ရှင်းလင်းတင်ပြခဲ့ကြပြီး ညွှန်ကြားရေး မှူးချုပ်မှ လမ်းညွှန်အမှာစကား ပြောကြားခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ အောက်တိုဘာလအတွင်း သဘာဝဘေးအသိပညာပေးဟောပြောပွဲပြုလုပ်ခြင်း

နေပြည်တော်၊ ဥတ္တရခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၂၃-၁၀-၂၀၂၄)ရက်နေ့တွင် ဥတ္တရသီရိမြို့၊ (အ.ထ.က) တောင်ညိုကျောင်းရှိ ဌာနဆိုင်ရာများမှ အရာထမ်း/ အမှုထမ်းများနှင့် ဆရာ/ ဆရာမများ စုစုပေါင်း (၁၀၀) ဦးအားလည်းကောင်း သဘာဝဘေးနှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန်အချက်များအား အသိပညာပေး ဟော ပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း တို့ကို ဆောင်ရွက်ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ အောက်တိုဘာလအတွင်း သင်တန်းဖွင့်လှစ်ခြင်း



(၅-၁၀-၂၀၂၄) ရက်နေ့တွင် မြောင်းမြခရိုင်ဦးစီးမှူးရုံးနှင့် ဝါးခယ်မမြို့နယ်ဦးစီးမှူးရုံးတို့မှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ အ.ထ.က (၁)၊ ပညာရတနာခန်းမတွင် ပညာရေးဝန်ကြီးဌာနှင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့နှင့်ပူးပေါင်းကျင်းပသည့် စဉ်ဆက်မပြတ်ပညာရေး လုပ်ငန်းမြို့နယ်အဆင့်နည်းပြသင်တန်း၌ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သော အကြောင်းအရာများနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဆွေးနွေးပို့ချခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ အောက်တိုဘာလအတွင်း မီးဘေးထောက်ပံ့မှု



ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနသည် မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးနေ အိမ်(၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ၊ သေဆုံးထောက်ပံ့ငွေ၊ ဆန်ရိက္ခာ ဖိုးထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း(၁၆)မျိုးတို့ကို ထောက်ပံ့လျက်ရှိရာ ဧရာဝတီ တိုင်းဒေသကြီးမြောင်းမြခရိုင်၊ ဝါးခယ်မမြို့နယ်၊ ရေကျော်ရပ်ကွက်၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးနေအိမ် (၁)လုံးအတွက် အိမ်ဆောက် ပစ္စည်းဖိုး ထောက်ပံ့ငွေ၊ သေဆုံးသူ(၁)ဦးအတွက် သေဆုံး ထောက်ပံ့ငွေ၊ ဘေးသင့်လူဦးရေ (၁၄)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ်နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၇) မျိုးတို့ကို (၂၃-၁၀-၂၀၂၄) ရက်နေ့တွင် မြောင်းမြ ခရိုင်ဦးစီးမှူးရုံးနှင့် ဝါးခယ်မမြို့နယ် ဦးစီးမှူးရုံးတို့မှ လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ တဲကြီးကုန်းကျေးရွာအုပ်စု၊ ဂုံမင်းအင်းကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးနေအိမ် (၇)လုံးတို့အတွက် အိမ်ဆောက်ပစ္စည်းထောက်ပံ့ငွေ၊ ဘေးသင့်လူဦးရေ (၂၆)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆)မျိုးတို့ကို (၂၂-၁၀-၂၀၂၄) ရက်နေ့တွင် နေပြည်တော်ကောင်စီဝင်နှင့်အတူ နေပြည်တော်တိုင်းဦးစီးမှူးရုံး တို့မှ လည်းကောင်း သွားရောက် ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ အောက်တိုဘာလအတွင်း ရေဘေးထောက်ပံ့မှု

ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနသည် ရေဘေးသင့် ပြည်သူများအား အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ၊ ဆန်ရိက္ခာဖိုးထောက်ပံ့ငွေ၊ကယ်ဆယ်ရေးပစ္စည်း (၁၆)မျိုးနှင့် သေဆုံးသူများအတွက် နိုင်ငံတော်မှ (၁)ဦးလျှင် (၅)သိန်းနှုန်းဖြင့်လည်းကောင်း၊ နေပြည်တော်ကောင်စီမှ (၁)ဦးလျှင် (၂)သိန်းနှုန်းဖြင့်လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ(၁)ဦးလျှင်(၃)သိန်းနှုန်းဖြင့်လည်းကောင်း ထောက်ပံ့ ပေးလျက်ရှိရာ (၁၁-၉-၂၀၂၄) ရက်နေ့တွင် နေပြည်တော်၊လယ်ဝေးမြို့နယ်၊တပ်ကုန်းမြို့နယ်၊ပျဉ်းမနားမြို့နယ်၊ ပုပ္ပသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်တို့၌ ရေဘေးဖြစ်ပွားခဲ့မှုကြောင့်ပျက်စီးနေအိမ်များအတွက်အိမ်ဆောက်

ပစ္စည်းထောက်ပံ့ငွေ၊ဆန်ရိက္ခာဖိုးထောက်ပံ့ငွေ၊ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးနှင့် သေဆုံးထောက်ပံ့ငွေ တို့ကို နေပြည်တော်တိုင်းဦးစီးမှူးရုံးမှသွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၁-၉-၂၀၂၄) ရက်နေ့မှ (၂၀-၉-၂၀၂၄) ရက်နေ့အထိ ရှမ်းပြည်နယ်၊တောင်ကြီးမြို့နယ်၊ညောင်ရွှေမြို့နယ်၊ ပင်လောင်းမြို့နယ်၊ တာချီလိလိတ်မြို့နယ်၊ လင်းခေးမြို့နယ်၊ လွိုင်လင်မြို့နယ်၊ မိုင်းပန်မြို့နယ်တို့အတွင်း မိုးသည်း ထန်စွာရွာသွန်းမှုကြောင့် ပျက်စီးနေအိမ်များ အတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ၊ ဆန်ရိက္ခာ ထောက်ပံ့ငွေ၊ ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးနှင့် သေဆုံးထောက်ပံ့ငွေတို့ကို သက်ဆိုင်ရာမြို့နယ် ဦးစီးမှူး ရုံးတို့မှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

(၁၀-၉-၂၀၂၄) ရက်နေ့မှ (၁၁-၉-၂၀၂၄) မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ရမည်းသင်းမြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ သာစည်မြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ တံတားဦးမြို့နယ်၊ မြစ်သားမြို့နယ်တို့၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပျက်စီးနေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ၊ ကယ်ဆယ်ရေး ပစ္စည်း (၁၆) မျိုးနှင့် သေဆုံးထောက်ပံ့ငွေတို့ကို သက်ဆိုင်ရာမြို့နယ် ဦးစီးမှူး ရုံးတို့မှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၂၆-၉-၂၀၂၄) ရက်နေ့တွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ပျက်စီးနေအိမ်များ အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ၊ ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးနှင့် သေဆုံး ထောက်ပံ့ငွေတို့ကို သာသနာ့ဗိမာန်ရေဘေး ရှောင်စခန်းရှိ ရေဘေးသင့်ပြည်သူများအား ကယားပြည်နယ်ဦးစီးမှူး ရုံးမှ ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် အတူ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ အောက်တိုဘာလအတွင်း လေဘေးထောက်ပံ့မှု



ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနသည် လေဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီး နေအိမ်(၁)လုံး အတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ၊ သေဆုံး ထောက်ပံ့ငွေ၊ ဆန်ရိက္ခာထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေး ပစ္စည်း (၁၆)မျိုးတို့ကို ထောက်ပံ့လျက်ရှိရာ မကွေးတိုင်း ဒေသကြီး၊ မကွေးမြို့၊ ကြာကန်ကျေးရွာအုပ်စု၊ ပုဂံမျှော် ကျေးရွာ၌ လေပြင်းတိုက်ခတ်မှုကြောင့် ဘေးသင့်ပြည်သူ များအား အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ၊ ဆန်ရိက္ခာ ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆)မျိုးတို့ကို

(၅-၁၀-၂၀၂၄)ရက်နေ့တွင် မကွေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

**(၁၈-၉-၂၀၂၄)** ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်မြာကျေးရွာအုပ်စု၊ မြာကျေးရွာ၌ လေပြင်းတိုက်ခတ်မှုကြောင့် ဘေးသင့်ပြည်သူများအား အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ၊ ဆန်ရိက္ခာ ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆)မျိုးတို့ကို(၂၆-၉-၂၀၂၄) ရက်နေ့တွင် မိတ္ထီလာခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၂၀-၁၀-၂၀၂၄)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ ဝါးခယ်မမြို့နယ်၊ ပေါက်တိန်းကျေးရွာအုပ်စု၊ ထုံးချောင်းကျေးရွာ၌ လေပြင်းတိုက်ခတ်မှုကြောင့် ဘေးသင့်ပြည်သူများအား အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ၊ ဆန်ရိက္ခာထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆)မျိုးတို့ကို (၂၃-၁၀-၂၀၂၄)ရက်နေ့တွင် မြောင်းမြခရိုင်ဦးစီးမှူးရုံးနှင့် ဝါးခယ် မမြို့နယ်ဦးစီးမှူးရုံးတို့မှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ အောက်တိုဘာလအတွင်း ကမ်းပြိုဘေးထောက်ပံ့မှု




ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနသည် ကမ်းပြိုဘေးဖြစ်ပွားခဲ့မှုကြောင့် ဘေးသင့်ပြည်သူများအား အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ၊ သေဆုံးထောက်ပံ့ငွေ၊ ဆန်ရိက္ခာ ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆)မျိုးတို့ကို ထောက်ပံ့လျက်ရှိရာ (၁-၁၀-၂၀၂၄)ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တာ်၊ လယ်ဝေးခရိုင်၊ လယ်ဝေးမြို့နယ်၊ သစ်ကြိမ်းကျေးရွာအုပ်စု၊ ဟေမာန်ကျေးရွာ၌ မိုးသည်းထန်စွာရွာသွန်းပြီး ကမ်းပြိုဘေးကြောင့် ဘေးသင့်ပြည်သူများအား အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ၊ သေဆုံးထောက်ပံ့ငွေ၊ ဆန်ရိက္ခာထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆)မျိုးတို့ကို နေပြည်တော်ကောင်စီဝင်နှင့်အတူ နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၁၁-၁၀-၂၀၂၄) ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ထုံးပေါက်တော ကျေးရွာအုပ်စု၊ သဖန်းဆိပ်ကျေးရွာ၌ မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေတိုက်စား၍ ကမ်းပါးပြိုကျမှုကြောင့် ဘေးသင့်ပြည်သူများအား အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ၊ သေဆုံးထောက်ပံ့ငွေ၊ ဆန်ရိက္ခာထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆)မျိုးတို့ကို မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ အောက်တိုဘာလအတွင်း မိုးကြိုးဘေးထောက်ပံ့မှု



အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနသည် မိုးကြိုးဘေးဖြစ်ပွားခဲ့မှုကြောင့် ဘေးသင့်ပြည်သူများအား သေဆုံးသူ(၁)ဦးအတွက် ထောက်ပံ့ငွေကျပ်(၃၀၀,၀၀၀ိ/-) ထောက်ပံ့လျက်ရှိရာ (၂၀-၉-၂၀၂၄) ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေး မြို့နယ်၊ ပေတုန်းမျှောင်ကျေးရွာ၌ မိုးသည်းထန်စွာရွာသွန်းပြီး မိုးကြိုးပစ်မှုကြောင့် သေဆုံးထောက်ပံ့ငွေ (၄-၁၀-၂၀၂၄) ရက်နေ့တွင် နေပြည်တော်ကောင်စီဝင် နှင့်အတူ

နေပြည်တော် တိုင်းဦးစီးမှူးရုံးမှလည်းကောင်း၊ (၁၄-၁၀-၂၀၂၄) ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ တိမ်မြုတ်ကျေးရွာအုပ်စု၊ တိမ်မြုတ်ကျေးရွာ၌ မိုးကြိုး ပစ်ခတ်မှုကြောင့် သေဆုံးသူ (၁) ဦးအတွက် ထောက်ပံ့မှုကို (၂၁-၁၀-၂၀၂၄) ရက်နေ့တွင် မင်းလှမြို့နယ် ဦးစီးမှူးရုံးမှ လည်းကောင်း၊ (၁၉-၁၀-၂၀၂၄) ရက်နေ့တွင် ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ လှိုင်းဘွဲ့မြို့နယ်၊ မြလေးကျေးရွာအုပ်စု၊ ကျွန်းထိပ်ကြီးကျေးရွာ၌ မိုးကြိုး ပစ်ခတ်မှုကြောင့် သေဆုံးသူ (၁)ဦးအတွက် ထောက်ပံ့ငွေကို (၂၁-၁၀-၂၀၂၄) ရက်နေ့တွင် ကရင်ပြည်နယ်ဦးစီးမှူးရုံးမှလည်းကောင်း သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ အောက်တိုဘာလအတွင်း မြေပြိုဘေးထောက်ပံ့မှု



ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနသည် မြေပြိုဘေးဖြစ်ပွားခဲ့မှုကြောင့် ဘေးသင့်ပြည်သူများအား အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ၊ သေဆုံးထောက်ပံ့ငွေ၊ ဆန်ရိက္ခာ ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို ထောက်ပံ့လျက်ရှိရာ (၄-၁၀-၂၀၂၄) ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်၊ ရေငံကြီးကျေးရွာအုပ်စု၊ ဝက်ကျွန်းကျေးရွာ၌ မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုကျမှုကြောင့် လုံးဝ ပျက်စီး လူနေအိမ် (၅) လုံး အတွက် အိမ်ဆောက်ပစ္စည်း ဖိုးထောက်ပံ့ငွေ၊သေဆုံးထောက်ပံ့ငွေ၊ဆန်ရိက္ခာထောက်ပံ့ ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆)မျိုးတို့ကို (၁၅-၁၀-၂၀၂၄) ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ လည်းကောင်း (၂-၁၀-၂၀၂၄) ရက်နေ့တွင် ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်၊ အမှတ် (၂) ရပ်ကွက်၌ မိုးသည်း ထန်စွာရွာသွန်းပြီး မြေပြိုကျမှုကြောင့် အိမ်ဆောက် ပစ္စည်းဖိုးထောက်ပံ့ငွေ၊ ဆန်ရိက္ခာ ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၁၁-၁၀-၂၀၂၄) ရက်နေ့တွင် သံတောင်ကြီးမြို့နယ် ဦးစီးမှူးရုံးမှ လည်းကောင်း သွားရောက် ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ အောက်တိုဘာလအတွင်း ထူးခြားဖြစ်စဉ်ထောက်ပံ့မှု

**(၇-၉-၂၀၂၄)** ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်တာမြို့နယ်၊ နန်းတည်ကျေးရွာအုပ်စု၊ နန်းတည်ကျေးရွာ၌ အကြမ်းဖက်အဖွဲ့များမှ ဝင်ရောက် တိုက်ခိုက်မီးရှို့မှုများကြောင့် လုံးဝပျက်စီးလူနေအိမ် **(၁)** လုံး အတွက် အိမ်ဆောက်ပစ္စည်းထောက်ပံ့ ငွေကျပ် (၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၇)ဦးအတွက်ဆန်ရိက္ခာ ဖိုးထောက်ပံ့ငွေကျပ် (၁၄,၇၀၀/-)နှင့် ကယ်ဆယ်ရေး ပစ္စည်း (၁၆) မျိုးတို့ကို (၄-၁၀-၂၀၂၄) ရက်နေ့တွင် တောင်တာမြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ ခဲ့ပါသည်။



(၈-၁၀-၂၀၂၄) ရက်နေ့တွင် ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်အတွင်း တိုက်ပွဲဖြစ်ပွားခဲ့မှုများကြောင့် မကွေး

တိုင်းဒေသကြီးအတွင်းရှိတပ်နယ်အသီးသီးသို့တိမ်းရှောင်ရောက်ရှိလာသည့်အိမ်ထောင်စု(၁၇၆)အုပ်စုတို့မှဘေးသင့်လူဦးရေ (၅၃၁)ဦးအတွက် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးပါ (၁၇၆) ပုံးတို့ကို (၁၀-၁၀-၂၀၂၄) ရက်နေ့တွင် မကွေးတိုင်း ဒေသကြီးဦးစီးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၁၂-၁၀-၂၀၂၄) ရက်နေ့တွင် ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်အတွင်း၊ တိုက်ပွဲဖြစ်ပွားခဲ့မှုများကြောင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ တပ်နယ်အသီးသီးသို့ တိမ်းရှောင်ရောက်ရှိလာသည့် အိမ်ထောင်စု (၈၅) အုပ်စုတို့မှ ဘေးသင့်လူဦးရေ (၂၂၄) ဦးအတွက် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးပါ (၈၅)ပုံးတို့ကို မကွေးတိုင်းဒေသကြီးဦးစီးရုံးမှ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

## မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်း(ရန်ကုန်)၌ စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်းအမှတ်စဉ်(၁/၂၀၂၄) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပခြင်း



၂၃-၁၀-၂၀၂၄ ရက်နေ့၊ နံနက် (၀၉:၃၀)နာရီ အချိန်တွင်စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်းပွဲ အခမ်းအနားကို မူးယစ်ဆေးဖြတ် ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (ရန်ကုန်)၌ ကျင်းပခဲ့ရာ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းလှိုင်က အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ဌာနဆိုင်ရာကိုယ်စားလှယ်များ၊ အရပ်ဖက်၊ မိတ်ဖက်အဖွဲ့အစည်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် သင်တန်းနည်းပြများ၊ သင်တန်း သားများ၊ သင်တန်းသားမိဘများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း မှ(ရန်ကုန်) အရာထမ်း၊ အမှုထမ်းများ စုစုပေါင်း (၄၀)ဦးခန့် တက်ရောက်ခဲ့ပြီး သင်တန်းဆင်းပွဲအခမ်းအနားကို နံနက် (၁၀:၃၀)နာရီ အချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။





## လူကုန်ကူးခံရသူ မြန်မာနိုင်ငံသား အမျိုးသား(၂)ဦး၊ အမျိုးသမီး(၁)ဦး၊ စုစုပေါင်း(၃)ဦးတို့အား ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ လွှဲပြောင်းလက်ခံ




မြန်မာနိုင်ငံ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် ထိုင်းနိုင်ငံ၊ လူမှုဖွံ့ဖြိုး တိုးတက်ရေးနှင့် လူသားလုံခြုံရေးဝန်ကြီး ဌာနတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် Chiang Rai ဂေဟာတွင် လက်ခံစောင့်ရှောက်ထားသော မြန်မာနိုင်ငံသား လူကုန်ကူးခံရသူများအနက် မြန်မာနိုင်ငံတွင် နိုင်ငံသားစိစစ်မှုရရှိပြီး၊ ထိုင်းနိုင်ငံတွင် တရားရုံးသက်သေထွက်ဆိုပြီးသည့် လူကုန်ကူးခံရသူ အမျိုးသား(၂)ဦးနှင့် အမျိုး သမီး(၁)ဦး၊ စုစုပေါင်း(၃)ဦး တို့အား (၁၀.၁၀.၂၀၂၄) ရက်နေ့တွင် မြဝတီ-မဲဆောက်လမ်းကြောင်းမှ တဆင့် လွှဲပြောင်းလက်ခံခဲ့ပါသည်။

ယင်းသို့ ပြန်လည်လွှဲပြောင်းပေးရာတွင် ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၊ တပ်(ခ်)ခရိုင်၊ Tak Immigration ခန်းမ၌ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာ၊ မြဝတီမြို့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်၊ မြဝတီ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်လူမှုဝန်ထမ်းရုံး၊ မြဝတီခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် ထိုင်းနိုင်ငံမှ တာဝန်ရှိသူများပူးပေါင်း၍ ပြန်လည်လွှဲပြောင်း လက်ခံပြီးနောက် ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာ၊ မြဝတီမြို့သို့ပို့



ဆောင်ခဲ့ပါသည်။ ၎င်းတို့ (၃)ဦးအား (၁၀.၁၀.၂၀၂၄) ရက်နေ့မှ (၁၁.၁၀.၂၀၂၄) ရက်နေ့အထိ ယာယီလက်ခံစောင့်ရှောက်ခဲ့ပြီး၊ ယာယီလက်ခံ စောင့်ရှောက်စဉ်ကာလအတွင်း အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း၊ လိုအပ်သော စုံစမ်းမေးမြန်းမှုများ ပြုလုပ်ခြင်း၊ မိဘနေရပ်သို့ ပြန်လည်စေလွှတ်နိုင်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းချိတ် ဆက်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီးနောက် (၁၂.၁၀.၂၀၂၄) ရက်နေ့တွင် ၎င်းတို့၏ ဆန္ဒနှင့်အညီ မြဝတီမြို့မှ ၎င်းတို့၏နေရပ်သို့ ပြန်လည်စေလွှတ်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။

## သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာနလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု ဗဟိုဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ဒုတိယဥက္ကဋ္ဌ(၂)၊လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တို့ဦးဆောင်၍ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၃၀) ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန၌ ကျင်းပခဲ့ပါသည်။

အစည်းအဝေးတွင် ဒုတိယဥက္ကဋ္ဌ(၁)၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်

စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသည့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် ထိခိုက်ပျက်စီးမှုများနှင့် စပ်လျဉ်းသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ၂၀၂၅ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် အပြီးဆောင်ရွက်ရန် လမ်းညွှန်ထားရှိပါကြောင်း၊ ယခုအစည်း အဝေးတွင် ရည်မှန်းထားသည့်အချိန်ကာလ၌ ပြန်လည်တည်ဆောက်မှု မပြီးနိုင်သေးသည့် လုပ်ငန်းများရှိပါက အမျိုးသားသဘာဝဘေး အန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီအနေဖြင့် ပံ့ပိုးဆောင်ရွက်ပေးရန် လိုအပ်ချက်များ တင်ပြရန် ဖြစ်ပါကြောင်း၊ မိုးလေဝသကြိုတင်ခန့်မှန်းချက်အရ ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုအခြေအနေများနှင့် မြန်မာနိုင်ငံအပေါ် သက်ရောက်မှုများအား တုံ့ပြန် ဆောင်ရွက်နိုင်ရေး လုပ်ငန်းကော်မတီများအလိုက်၊ ဒေသအလိုက် ပြင်ဆင်ထားရန် လိုအပ်ပါ ကြောင်းပြောကြားပါသည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ(၂)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ရေဘေး ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိစ္စ ရပ်များနှင့်စပ်လျဉ်း၍ လိုအပ်ချက်များကို တင်ပြကြရာတွင် အချက်အလက်များ ပြည့်ပြည့်စုံစုံဖြင့် ဖော်ပြကြစေလိုပါကြောင်း၊ ဌာနဆိုင်ရာ အဆောက်အဦးများ ပြုပြင်ဆောင်ရွက်ရာတွင် သင့်လျော်သည့် ရံပုံငွေဖြင့် ဆောင်ရွက်မည့် အစီအမံများကို လမ်းညွှန်ချက်များနှင့်အညီ တင်ပြပေးကြရန် ဖြစ်ပါကြောင်း၊ လက်ရှိပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဆောင်ရွက်ရန်ကျန် လုပ်ငန်းများအတွက်ပြီးစီးနိုင်မည့်အခြေအနေတို့ကိုတင်ပြ ဆွေးနွေးကြရန် လိုအပ် ပါကြောင်း ပြောကြားခဲ့ပါသည်။

အစည်းအဝေးတွင် သက်ဆိုင်ရာ နယ်မြေဒေသအလိုက်၊ လုပ်ငန်းဌာန၊ အဖွဲ့အစည်းအလိုက် ဆွေးနွေးတင်ပြကြရာ ဒုတိယဥက္ကဋ္ဌများက တွေ့ကြုံနေရသည့် အခက်အခဲများ၊ ပေါင်းစပ်ညှိနှိုင်း ပေးရန် လိုအပ်သည်များ၊ ဖြည့်စွက်ဆောင်ရွက်ရန်များကို မေးမြန်း၊ ဖြည့်ဆည်းပေးခဲ့ကြပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ပြန်လည်ထူထောင်ရေး၊ ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ကဏ္ဍအလိုက်ပြီးစီးရေး ဆောင်ရွက်ပေးကြရန်၊ ထောက်ပံ့မှုလုပ်ငန်းများ၊ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်ရှင်းလင်းပြည့်စုံစွာ ပြုစုတင်ပြရေးနှင့်မှတ်တမ်း၊ အထောက်အထားများ စနစ်တကျထားရှိရန် တို့ကိုမှာကြားခဲ့ပါသည်။



**၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်** **နေပြည်တော်**